( ၁ )

# " Solar System အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ် "

## Matador Lectro 10kW On Grid Solar System (1)Set

### (SO No. MYK-BSO-RE-2024-09-002)

## Contract No. WL/MS-473/2024

၂၀၂၄ ခုနှစ်၊ ၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် မြိတ်မြို့၌ အောက်အမည်ပါသူတို့က Matador Lectro 10kW On Grid Solar System (1)Set အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

Solar System ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့် ရွှေပြည်တန်လမ်း၊
သာကေတရပ်ကွက်၊ မြိတ်မြို့။

Solar System ဝယ်ယူသူ ။ ။ ဦးစန်းမောင် (ဘ) ဦးသန်းအောင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၆/ကစန(နိုင်)၀၀၃၄၇၄
ကုမ္ပဏီအမည် — Khine Zin Yaw Trading Company Limited
လိပ်စာ– အမှတ်(၄၄၁)၊ ပိတောက်ရွှေဝါလမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၅၆၄၀၁၆၈။

(Solar System ရောင်းချသူ နှင့် & Solar System ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ Solar System ရောင်းချသူသည် ကုမ္ပဏီစီးပွားရေး လုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Solar System ရောင်းချသူ မှ ပိုင်ဆိုင်သော Matador Lectro 10kW On Grid Solar System (1)Set အတွက် တန်ဖိုးငွေ ကျပ် –၃၄,၇၇၅,၀၀၀/–(မြန်မာငွေကျပ်– သုံးရာလေးဆယ့်ခုနှစ်သိန်းခုနှစ်သောင်းငါးထောင်ကျပ်တိတိ)ကို Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင်ဝယ်ယူရန် Solar System ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကို ချုပ်ဆို၍ Solar System ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ Solar System ရောင်းချသူက မိမိရောင်းချသော Matador Lectro 10kW On Grid Solar System (1)Set သည် အသစ်ဖြစ်ကြောင်း နှင့် Warranty အားဖြင့် Solar Panel (၁၂)နှစ်၊ On Grid Inverter (ပစ္စည်းဖိုး+လက်ခ အခမဲ့ (၃)နှစ်)၊ System Warranty (၁)နှစ် အသုံးပြုပြီးသည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ ပစ္စည်းများ လက်ခံရရှိချိန်မှစ၍ အာမခံသက်တမ်းကို သတ်မှတ်ခြင်းဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

၃။ System Warranty 1 year အတွင်း တပ်ဆင်ထားသော Solar Panel, On Gird Inverter နှင့် အခြား Electrical Accessories များ ချို့ယွင်းမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ဖြစ်စဉ်ပေါ်မူတည်ပြီး ယာယီအစားထိုး သုံးစွဲနိုင်ရန် Solar System ရောင်းချသူဘက်မှ ဝန်ဆောင်မှုပေးပါမည်။ ပစ္စည်းအရည်အသွေးကြောင့် ချို့ယွင်းချက်ဖြစ်ပေါ်ပြီး ပြန်လည်ပြုပြင်၍ မရပါက ချို့ယွင်းပျက်စီးသွားသော ပစ္စည်းအတွက် ပစ္စည်းအသစ်အား (ပစ္စည်းဖိုး+လက်ခ) အခမဲ့ အစားထိုးလဲလှယ် တပ်ဆင်ပေးပါမည်။ ၎င်း အစားထိုးတပ်ဆင်ပေးရသည့် ပစ္စည်းများ၏ သယ်ယူစရိတ်၊ Service Engineer များ၏ စားစရိတ် နှင့် ခရီးစရိတ် တို့အား Solar System ဝယ်ယူသူဘက်မှ တာဝန်ယူကျခံပေးရပါမည်။ System Warranty 1 year ကျော်လွန်သွားပါက တပ်ဆင်ထားသော Solar Panel, On Gird Inverter များကို သတ်မှတ်ထားသော အာမခံကာလအတွင်း ထုတ်လုပ်သူ၏ အားနည်းချက်ကြောင့် ချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ပစ္စည်းဖိုး အခမဲ့ ပြုပြင်/လဲလှယ်ပေးမည်ဖြစ်ပြီး ယင်းပစ္စည်းအား လဲလှယ်တပ်ဆင်ရသည့် သယ်ယူစရိတ်၊ Service Engineer များ၏ လုပ်အားခ၊ စားစရိတ် နှင့် ခရီးစရိတ် တို့အပါအဝင် ဝန်ဆောင်ခအားလုံးအား Solar System ဝယ်ယူသူဘက်မှ တာဝန်ယူကျခံပေးရပါမည်။ (ရန်သူမျိုးငါးပါးနှင့် သုံးစွဲသူ၏ ပေါ့ဆမှုကြောင့် တပ်ဆင်အသုံးပြုထားသော ပစ္စည်းများ ပျက်စီးပါက ပေးထားသော အာမခံများ အကျုံးဝင်မည်မဟုတ်ပါ။)

၄။ Solar System ဝယ်ယူသူသည် မိမိဝယ်ယူသည့်ပစ္စည်းများကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်းလက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ဝယ်ယူသည့် Solar System တွင် ချွတ်ယွင်းချက်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ပစ္စည်းများ လက်ခံရယူစဉ်ကတည်းကအကြောင်းကြားခေါ်ယူရမည်။ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ပစ္စည်းများကိုလက်ခံရယူခဲ့ပါကလက်ခံရယူသည့် ပစ္စည်းများသည် မူလအကောင်းပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက် ပေးအပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

<u>ငွေပေးချေခြင်းစနစ်</u>

၅။ Solar System ဝယ်ယူသူသည် Matador Lectro 10kW On Grid Solar System (1)Set အတွက် ပထမအရစ်ကျငွေ တန်ဖိုးငွေ ကျပ်–၂၄,၃၄၂,၅၀၀/– (မြန်မာငွေကျပ်–နှစ်ရာလေးဆယ့်သုံးသိန်း လေးသောင်းနှစ်ထောင့်ငါးရာကျပ်တိတိ) ကို (၁၃–၉–၂၀၂၄) ရက်နေ့တွင် (RV NO. HQT-RV-2024-09-0408) ဖြင့် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၆။ Solar System ဝယ်ယူသူသည် Matador Lectro 10kW On Grid Solar System (1)Set အတွက် ကျန်ငွေ ကျပ်–၁၀,၄၃၂,၅၀၀/– (မြန်မာငွေကျပ်– တစ်ရာ့လေးသိန်းသုံးသောင်းနှစ်ထောင့်ငါးရာကျပ်တိတိ) ကို Solar System များ စမ်းသပ်စစ်ဆေးပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ရောင်းချသူ၏ မြိတ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၇။ Solar System ရောင်းချသူသည် Solar System ဝယ်ယူသူထံသို့ ပစ္စည်းများကို ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ Solar နှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ပစ္စည်းများနှင့် အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရာ ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၈။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၃)သို့

၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် Solar System ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။ (သို့သော် အပိုဒ်(၂)ပါ အာမခံများနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက Winning Way Co., Ltd., (Service Department) ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။)

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို Solar System ရောင်းချသူနှင့် Solar System ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက် အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦး တစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်း စသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သော သဘောဆန္ဒ နှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Solar System ရောင်းချသူ | Solar System ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးစန်းမောင် (၆/ကစန(နိုင်)၀၀၃၄၇၄) |
| (for and on behalf of Winning Way Co., Ltd.) | (Khine Zin Yaw Trading Company Limited ) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | ––––––––––––––––––––––– |
| အမည် | – အိမ့်ယမုံထွန်း | အမည် | ––––––––––––––––––––––– |
| နသအမှတ် | – ၈/ပခက(နိုင်)၂၈၇၄၁၈ | နသအမှတ် | ––––––––––––––––––––––– |
| နေရပ် | – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊ | နေရပ် | ––––––––––––––––––––––– |
| | – သာကေတရပ်ကွက်၊ မြိတ်မြို့၊တနင်္သာရီတိုင်း။ | | – –––––––––––––––––––––– |

လက်မှတ် –
အမည် – ဒေါ်မွန်မွန်ဦး
နသအမှတ် – ၈/ပခက(နိုင်)၂၆၂၀၄၁
နေရပ် – အမှတ်(၂၆၄)၊ ကမ်းနားလမ်းနှင့်ရွှေပြည်တန်လမ်း၊
– သာကေတရပ်ကွက်၊ မြိတ်မြို့၊တနင်္သာရီတိုင်း။